
နှစ်ရှာ
ဝတ္ထုတိုများ
ကြည်မွေ့အိမ်၊ လှဲဝင်းကြည် (ချို)

ကြည်မွေ့အိမ်၊ လဲ့ဝင်းကြည် (ချို)
နှစ်လွှာ ဝတ္ထုတိုများ

## "နှစ်လွှာ"

ပေးဆပ်ခြင်းမေတ္တာဖြင့် ဖြည့်ကူအားပေးလေသော ဖေဖေနှင့် အစ်ကို၊ အစ်မများ၏ ကြီးမားသော စိတ်စေတနာ တရားကြောင့် ဖြတ်သန်းလျှောက်နေခဲ့သော စာပေခရီးတောကို ကြမ်းလှ၊ မောလှသည် ဟု မထင်မှတ် ခဲ့ရပါ။ စာမရေးဖြစ်တောင် စာအမြဲဖတ်နေနိုင်အောင် အားပေးတိုက်တွန်းနေတတ်သည့် မိသားစုအတွင်းမှာ "စာရေးနေတယ်" "စာဖတ်ချင်လို့ " "စာရေးချင်လို့" စကားလေးနှင့် ကိစ္စတော်တော်များများ ကို မျက်ကွယ်ပြုထားနိုင်အောင် အစွမ်းထက်ပေးသော မိသားစု။ စာပေသန္ဓေပါ ထည့်သွင်းမွေးဖွားပေးသော ကွယ်လွန်သွား ပြီဖြစ်သည့် မေမေ။ ဖြစ်မည်ဖြစ်မည် မဟုတ်သည့် စာမူခလေးဖြင့် ကန်တော့သည့် အခါတိုင်း မျက်ရည်ကြည်ဝဲသွားအောင် ကြည်နူးသွားသော ဖေဖေ့ပီတိ။

"ကိုယ်မြတ်နိုးလို့ ရွေးချယ်ထားတဲ့ ကလောင်ကို ဘယ်လိုအရိပ်မျိုးမှ ထင်ဟပ်မနေစေနဲ့ သမီးဟုလည်း ဆုံးမတတ်သည့် ဖေဖေ့ကြောင့်၊ အစ်ကိုအစ်မများကြောင့်၊ ကလောင်မှာ အားတစ်ခုပေါင်း၍ စိတ်တိုင်းကျ ထူထောင်ခွင့် ရရှိခဲ့သည်။ ဘယ်လိုပင် အလုပ်များများ ကြည်ကြည်ဖြူဖြူနှင့် အလုပ်များကို ကူညီတာဝန်ယူ ပေးလေ့ရှိသည့် အထက်အရာရှိနှင့် လုပ်ငန်းခွင်မှ မိတ်ဆွေသူငယ်ချင်းများ၏ စာပေချစ်စိတ်။

ဤကဲ့သို့သော အခြေခံအင်အားများကလည်း ကလောင်အရှိန်အားကို ဖြည့်လောင်းပေး၍ ကျေးဇူးတင်ရပါသည်။

ပြောချင်ပါသေးသည်။

"ချို့ဆီ ဖိတ်စာလေးတစ်စောင် အရောက်ထူးလာတယ်ကွ" ဟုပင် ပြောရသေးသည်။ "ဟယ် . . .သေချာပါပြီ။ ဒီနှစ်မင်းရဲ့ "ကြာတောမှဗေဒါ" တော့ ကျိန်းသေပါပြီ" ဆိုကာ ကျွန်မအတွက် မဖြစ်စဖူး စိတ်လှုပ်ရှားမှုမျိုးနဲ့ ရင်ခုန်ပီတိ ဖြစ်ရှာလေသော သူငယ်ချင်း ကိုကြည့်၍

"ဟေ့ . . . ကြည်မွှေ့ မင်းသိပ်များ ပျော်နေသလားကွာ၊ ကြည့်လဲ လုပ်ပါဆရာ . . . တော်တော်ကြာမှ ကိုယ်ထင်သလို မဟုတ်ဘူး ဆိုရင် . . . "

"ဟာ . . . မချိုကလည်း . . .ဒါက ပျော်ကိုပျော်ရမယ့်ဟာ၊ ထင်သလို မဟုတ်ဘူးလို့ မင်းဘယ်သူပြောလဲ"

သူက အဲ့သလိုအခိုင်အမာ ယုံကြည်ရင်း "နေဦး . . .ကိုယ်တို့ချည်း မလုပ်တတ်ဘူး၊ အစ်မ နှင်းဝေငြိမ်းဆီ ဖုန်းဆက်မယ်" ဆိုကာ ဖုန်းထလှည့်လေ၏ ။ အော် . . .ဒီလိုစိတ်ရင်းမျိုးနဲ့ သူငယ်ချင်း။

"ဟဲ့ . . .ကလေးတွေ ငါ့ဆီလာခဲ့ကြ မြန်မြန်"

အစ်မ နှင်းဝေငြိမ်းကလည်း ကြည်မွှေ့နည်းတူ တစ်စုံတစ်ရာကို သေချာသော အသံမျိုးဖြင့် သူ့ရုံးခန်းသို့ လာခိုင်းလေ၏ ။

တကယ်ပါ။ မုန့်ဆီကြော်က ဘယ်နေရာမှန်း မသိသေးပဲ . . .

"သွားကို သွားရမှာနော်၊ ချိုတို့က ဘယ်ပွဲမှသွားတာ မဟုတ်ဘူး ဆိုပြီး မသွားဘဲ နေလို့ကို မရဘူးသိလား၊ အို . . . ရှုတ်ပါတယ်၊ အဲ့ဒီနေ့ကျ အစ်မတို့ ကိုယ်တိုင် လာခေါ်မယ်ဟယ်၊ အပြန်ကိုလည်း အိမ်ရှေ့အရောက် ပြန်ပို့မယ်၊ ကဲ . . . ."

နေမကောင်းသည့်ကြားက အားရပါးရပြောရင်း ကြိုတင် ဝမ်းမြောက်ပေးရင်း . . . "ငါ့ညီမကို ကြိုတင်ဂုဏ်ပြု ထားမယ်" ဆို၍ ကျွန်မ၏

ငြင်းဆိုခြင်းကိုပင် လက်မခံပဲ၊ ဂုဏ်ပြုလက်ဆောင် ကြိုပေးကြသော ပန်းချီဒီဇိုင်းဆရာ ကိုနေဝင်းအောင် နှင့် အစ်မ နှင်းဝေငြိမ်း။

တစ်လျှောက်လုံး ကာလရှည်မြင့်စွာ နားလည်မှုကြိုးကို တင်းကြပ်စွာ ချည်နှောင်ရင်း ပေါင်းဖော်ခဲ့သော ကျွန်မ၏ အောင်မြင်မှုကို ကျွန်မနှင့်ထပ်တူ ကျစွာ ပျော်ရွှင်ကြည်နူးပေးသော သူငယ်ချင်း ကြည်မွေ့နှင့် သူငယ်ချင်း၏ မိသားစု ဝင်များ။ ပြီးတော့ ကျွန်မ၏ ဆရာသမားများ။ အနီးအဝေးမှ ရေးဖော်မိတ်ဆွေများ၊ စာဖတ်ပရိတ်သတ်များ။

ယခုလိုမျိုး ရင်ခုန်ကြည်နူးခွင့်ရအောင် ဖန်တီးပေးသော ရွှေအမြုတေမှ ဆရာ ဦးဝင်းငြိမ်းနှင့် ဝိုင်းဝန်းအားထည့်ပေးသော ဆရာသမားများကို ဂါရဝတရား နှင့် ကျေးဇူးတရားများ က တစိမ့်စိမ့်ဖြစ်တည်။

"စာပေလမ်းကို ဒဏ်ခံနိုင်မှလျှောက်" ဟု သာမန်အသိလေး ခပ်ရေးရေး စ, သိထားချိန်မှာပင် ခရီးနှင်ထွက်ဖို့ ဆုံးဖြတ်ချက် ခိုင်ခိုင်ချထား ခဲ့၏ ။ ချစ်ခင်စွဲမက် စရာကောင်းသလောက် စိုးရွံ့ခက်ထန်မှုများ ရှိလေသော၊ ဖေးကူလက်တွဲ အားပေးသော ၊ ဖြတ်ချထားချင်သော၊ နူးညံ့ကြမ်းရော်မှု တွေရှိလေသော၊ အဆောင်အယောင်များကို နေရာပေးတတ်သော၊ မျက်နှာကြီးရာ (အနုပညာမပါ) ဟင်းပန်ကန်ရွှေ့ ပေးလေသော ၊ လေလုံးပစ်၍ ငွေအုပ်လိုက်ကိုင်သုံး ပြသူများအတွက် နေရာ ချန်ပေးလေသော . . .သော . . .သော . . .။

စစ်မှန်သော အနုပညာပေါ်မှာ စစ်မှန်းခြင်းကို ရာဖွေအားပေး တတ်သော . . .သော . . .စစသော . . .ကိုယ်တိုင်ကြုံတွေ့ သိမြင်မှုများကို အားတစ်ခုလို သောက်သုံးကာ ကိုယ့်အနုပညာဖြင့် ကိုယ် (၁၀)နှစ်ကျော် ရိုးသားစွာ စီးမျောထုသား ကျရင်း . . .။

မဂ္ဂဇင်း အသီးသီးမှာ ဝတ္ထုတို (၉၀) ပုံနှိပ်ဖော်ပြပြီးချိန် ရွှေအမြုတေစာပေ စင်ကနေ ချီးမြှင့်လိုက်သော (ဝတ္ထုတိုဆု) ရွှေဆုက

ကလောင်တစ်ချောင်းကို သွေးသစ်တစ်ဖန် လောက်လိုက်သလို အားတစ်ခု ဖြစ်ရပြန်၏ ။

"ဆုရပြီး စာမရေးဘဲ နေမှာစိုးတယ်"

ဆရာ့စကားကို ဂါရဝတရားဖြင့် . . .။ စိတ်ချပါ၊ ဆရာဦးဝင်းငြိမ်း။ ခွန်အား ရှိသ၍ စာတွေ ဆက်ရေးနေမှာပါ။

ပြောချင်ပါသေးသည်။ သုံးနားညီတြိဂံတစ်ခုအကြောင်း။

"ခင်ဗျား ကလောင်နာမည် စဖတ်ပြီး နည်းနည်းမှ အထင်မကြီးဘူး။ ဘာလဲ . . . ကွင်းစကွင်းပိတ်ထဲက "ချို"

"ဆရာအထင်ကြီးအောင် မှည့်ထားတာမှ မဟုတ်တာ"

တစ်ယောက်နှင့်က ထိုသို့ကြားခံလူ မရှိဘဲ စာအုပ်ဆိုင် တစ်ဆိုင်မှာ စသိခဲ့၏ ။ ကျန်တစ်ဦးနှင့်လည်း "ဘယ်လိုမှန်းလဲ မသိဘူး။ သူပြောတာပဲ အဟုတ်ချည်း ထင်လို့၊ မာရေကျောရေနဲ့၊ လေသံကလည်း ကျယ်ပ့ါ။

ခင်စရာကို မကောင်းဘူး"ဟုတွေးထင်၍ တစ်ဦးနှင့်တစ်ဦး ခပ်တည်တည် စူးစိုက်ကြည့်ကာ လက်ဘက်ရည်ဆိုင်လေးမှ လမ်းခွဲခဲ့ရသည်။

စိတ်မထင် စိတ်ထဲမဝင်လျှင် ရှေ့မှလည်းချောင်းကွဲ အသံကုန်အောင် မည်သို့ပင်ပြောပြော ကိုယ့်မပြောသလိုပုံစံနဲ့ မျက်နှာတည့်တည့် စိုက်ကြည့်ပြီး၊ စကားတစ်လုံးမဆိုပဲ လက်ဘက်ရည် သောက်မပျက် ထိုင်နေတတ်သည့် ကျွန်မပုံစံကလည်း သူတို့နှစ်ဦး မျက်လုံးထဲမှာ ဘယ်လိုမှ နှစ်သက်ဖွယ် မရှိမှာ သေချာ၏ ။

ကျွန်မတို့ အဲ့သလို စခဲ့ကြသည်။

"ခင်ဗျားတို့ ဒီစာအုပ်ဖတ်သင့်တယ်"

"ချို လုံးဝ လက်မခံပါဘူး"

"ကိုယ်ကတော့ ကြိုက်တယ်"

အဲ့သည်လို ပုံစံများဖြင့် တစ်ဦးရင်ထဲကို တစ်ဦး ခပ်ပြင်းပြင်း ခပ်ဆောင့်ဆောင့် ဝင်ရောက်ခဲ့ကြ၏ ။

ငြင်းခုန် ဆွေးနွေးနေရင်း " ခင်ဗျားလက်ဘက်ရည်တိုက်" "ဆရာတိုက်"။ မတူညီသော အယူအဆတွေဖြင့် တစ်ဖြေးဖြေး တစ်သားထဲကျစွာ အနုပညာသွေး ပေါင်းယှက်လာကြရင်း ဆယ်စုနှစ်တာကာလကို ဖြတ်သန်းလာကြရင်း . . .။

တစ်ဦးစာမူကြမ်းကို တစ်ဦးဖတ်ရှုထောက်ပြကာ အေးစက်နေသော လက်ဘက်ရည် တစ်ခွက်မှာ ချိုမြိန်နွေးထွေးသော ခံစားချက်တို့ အစွန်းအထင်းမရှိ စီးမျော။ ဘာသာပြန် အရေးကောင်းသော ကျွန်မတို့၏ စာမူများကို ကိုယ်တိုင်ထုတ်ယူပို့ ပေးသော၊ ကိုယ်စားစိတ်ဆိုး ရန်ဖြစ် ခံစားပေးတတ်သည့် ဆရာ့သူငယ်ချင်းနှင့် နားလည်ခင်မင်မှု ဒီဂရီကို အနုပညာစိတ်ရင်းဖြင့် အနားတည်ခဲ့ကြ၏ ။

"နှစ်လွှာ" တဲ့။ ပြောချင်ပါသေးသည်။

"မချိုရေ . . .ကြည်မွေ့ရေ" နှင့် တစ်ယောက်ပိုက်ဆံအိတ် တစ်ယောက်စာနာစွာ ကြည့်ကြရင်း . . ."ဝတ္ထုတို ပေါင်းချုပ်လေး လုပ်ချင်တယ်ကွာ . . . နော် . . .မင်း"

လေသံအားဖျော့ဖျော့နှင့် ဝေးသောအတွေးများက စိတ်ကူးမှာသာ။

ထိုဝေးသောစိတ်ကူးကို မဝေးရတော့အောင် ဆောင်ကြဉ်းပေးလေသော အထောက်အပံ့က ရွှေအဖွဲ့က ပေးလိုက်သည့် ရွှေဝတ္ထုတို စာပေဆုပါပဲ။

ဆရာဦးဝင်းငြိမ်းနှင့် အဖွဲ့က "ကြာတော့မဗေဒါ" ဝတ္ထုတို အတွက် ဆုတစ်ဆုသာ ချီးမြှင့်လိုက်ပေမယ့် ကျွန်မအတွက်တော့ ဆုနှစ်ကြိမ် ရလိုက်သလိုမျိုး

ခံစားပီတိ ဖြစ်ရပါသည်။

ဆရာဦးဝင်းငြိမ်းက နောက်ဆုတစ်ဆု ထပ်ပေးလိုက်သလို ဂုဏ်ယူဝမ်းမြောက် ရပါသည်။ ထိုဂုဏ်ပြုငွေဖြင့် "နှစ်လွှာ" ဖူးပွင့်ဝေဆာ ခွင့်ရရှိခဲ့ပြီ။ "နှစ်လွှာ" အတွက် လေးမြတ်စွာ ကျေးဇူးတင် ရပါသည်။

အားရှိပါးရှိ ကလောင်ကိုင် စာရေးပြီး၊ စာမူခနှင့် ဘာတစ်ခုမျှ အိမ်အတွက် ရေရေရာရာ ဆောင်ရွက်မပေးဖြစ်။ ယခုရရှိသည့် ဆုငွေကိုလည်း"စာအုပ်ထုတ်ချင်လို့ " ဆိုတော့ မိသားစု အတွက် လိုလားချက်၊ လိုအပ်ချက်များကို ဖြည့်ရန် တစ်လုံးမျှ မဆိုဘဲ အပြုံးဖြင့် ခွင့်ပြုအားပေးသော မိသားစု။ ချစ်ခင်စွာ ကူညီဝိုင်းဝန်းသော ပန်းချီဒီဇိုင်းဆရာ ကိုနေဝင်းအောင်နှင့် အစ်မ နှင်းဝေငြိမ်း၊ "ချို့တို့ စာအုပ်လေး လုပ်ကြမလို့" ဟုပင် ပြောရသေးသည်။ "အစ်မ စာအုပ်လုပ်တုန်းက စာရွက်တွေအများကြီး ပိုထားတာရှိတယ်၊ ယူလာပေးမယ် သိလား"

မေတ္တာစေတနာ စကားဖြင့် စာရွက်ထုတ်တွေကို ကိုယ်တိုင် သယ်ယူလာပေးသော ကဗျာပန်းချီဆရာမ အစ်မဖြူမွန်နှင့် ဆရာသမား များအားလုံးကို ဂါရဝဖြင့် အထူးကျေးဇူး တင်ရပါသည်။

ပြောချင်ပါသေးသည်။

စိတ်စေရာခံစားမှုအတိုင်း၊ ရိုးရှင်းစွာ ရေးဖွဲ့ထားသည့် ဝတ္ထုတို များကိုပေါင်းစု၍ "နှစ်လွှာ" စာအုပ် ဖြစ်တည်လာမှုတွင် အားနည်း ချို့ယွင်းချက်များ ရှိခဲ့ပါလျှင် ကျွန်မတို့၏ မပြည့်ဝမှုသာ ဖြစ်ပါ၏ ။ စာနာသည်းခံ၍ ဖတ်ရှုတ်ဝေဖန် အကြံပြု ပေးပါရန်သာ မေတ္တာဖြင့် တောင်းဆို အပ်ပါသည်။

**လေးစာစွာဖြင့်**

**"လဲ့ဝင်းကြည် (ချို)"**

* *

## “နှစ်လွှာ”

### (၁)

သူနှင့်ကျွန်မတို့ ဘယ်လိုစပြီး သိခဲ့ကြမှန်း ရေရေရာရာ မမှတ်မိတော့။ ဒီလိုပဲ ကိုယ့်ဘာသာကိုယ် သိခဲ့ဖြစ်ကြထင်ရဲ့။ သူ့ကို စတွေ့ကာစတုန်းက ရင်ထဲမှာ ခိုးလုခုလုနှင့် အတော်ကို ဘဝင်မကျ ဖြစ်နေခဲ့မိသည်။ အဲ့ဒီ ခိုးလုခုလုက ဘာလဲဆိုတော့ သူစကားပြော “ထွေး” တာကို အားမရခြင်း ဖြစ်သည်။ ကျွန်မရဲ့ မာကြောလှတဲ့ စိတ်ကို ဘယ်လိုမှ မဆွဲဆောင် နိုင်ဘူးလို့ ထင်ထားတဲ့ အဲ့ဒီလို မိန်းမကပဲ နောင်အခါမှာ ကျွန်မရဲ့ စစ်မှန်တဲ့ မိတ်ဆွေ သူငယ်ချင်းတစ်ယောက် အခိုင်အမာ ဖြစ်ခဲ့တာ အံ့ဩစရာလည်းကောင်း သလို အံ့ဩစရာ လည်းမကောင်းပြန်ချေ။

အရေးနဲ့အပြောမှာ မတူကွဲပြားခြားနား ခဲ့ခြင်းကပဲ အခုနေ အခါမှာ တစ်ယောက် တစ်ယောက် အခင်အမင် ပိုစရာကိစ္စတစ်ခု ဖြစ်နေတော့ပြီ။ စကားပြော မကောင်းတော့ကော ဘာဖြစ်သေးလဲ။ စာရေးဆရာ ဆိုတာ ကွက်စိပ်ဟော ဆရာမှ မဟုတ်တာ။ ကိုယ်ချခင်းပြလိုက်တဲ့ အနုရသကလေး ရိုးဖြောင့်ပြီး မူပိုင်ဖြစ်နေရင်ကိုပဲ ပြီးပြီလေ။ ကျွန်မတို့ရဲ့ ခံစားတင်ပြမှုကို မည်သံပေးလာမဲ့ ကိစ္စက ကျွန်မတို့ရဲ့ အရာဌာနမဟုတ်။ ဒါက စာဖတ်ပရိသတ်ရဲ့ အခွင့်အာဏာ။

ကုန်လွန်ကျပျောက်ခဲ့ပြီးတဲ့ ဟိုး ဆယ်စုနှစ်ကျော် တစ်စုနှစ်တာကာလကတည်းက ခိုင်မြဲစွာ ချည်နှောင်ခဲ့ကြတဲ့ မြင့်မြင့်မားမား နက်နက်ရှိုင်းရှိုင်း နားလည်မှုကြိုးတွေ။ ကျွန်မတို့မှု နှစ်ယောက်ထဲ မဟုတ်ကြ။ ဆတူသံယောဇဉ် ဒီဂရီပါတဲ့ သုံးနားညီညီ တြိဂံတစ်ခု။

ဆရာ မောင်တင်မွန် . . . .

ရှားပါးတဲ့ ကမ္ဘာ့ရသဇာတ်ခုံပေါ်က ဝတ္ထုတိုတွေကို ခံစားနှစ်သက်စွာ ဘာသာပြန်သူ။ ရသဘာသာ ပြန်စာရေးဆရာ။ ထို့ထက်ပို၍ ပြောရလျှင် ထိလွယ်ရှလွယ်တတ်ပြီး အင်မတန်မာကြောသော အစွန်းရောက် အနုပညာသမား။ ကျွန်မတို့ရဲ့ ခြောက်သွေ့ တိတ်ဆိတ်စွာ ကျဉ်းမြောင်းခဲ့တဲ့ နယ်ပယ်ကလေး။ တစ်ခါတစ်ရံ သုံးယောက်ထဲနဲ့ ကမ္ဘာ ပျက်မတတ် ဆူညံငြင်းခုံ နေတတ်တဲ့ နယ်ပယ်ကလေး။

* *

## (၂)

ငယ်စဉ်ကတည်းက အတန်းထဲမှာ စိတ်ကူးတည့်ရာတွေကို ပုံပြင်လုပ်ပြောရင်း ခံ့မင်ရှုးသွပ်ခဲ့ရတဲ့ စာရေးဆရာဘဝ။ တမလွန် လောကဆီ ခရီးဦးထွက်သွား နှင့်ပြီဖြစ်တဲ့ မမကြီးကတော့ “စိတ်ကူးယဉ်လိုက်တာ မိုးရယ်၊ ဒီလိုတောမြို့ လေးတစ်မြို့ရဲ့ ကျေးလက်က လူတစ်ယောက်ကို အဖို့ စာပေနယ်ဆိုတာ အလှမ်းကျယ် လွန်းလှပါတယ်” တဲ့။

အခုနေများ မျက်ရည်လည်လောက်အောင် နာနာကျင်ကျင် ဖြစ်ရပါဘိ။ ဘဝလမ်းကြောင်း လေး သွေဖည်သွားမည်ကို စိုးရိမ်သည်ကလွဲလျှင် စာဖတ်ပြီး၊

စာကို အားပေးသောအဖေ၊ အပူငွေ့ငွေ့ မျက်ဝန်းများဖြင့် မရှုံ့မရဲကြည့်ကာ သမရိုးကျ အလုပ်တစ်ခုလို မှတ်ထင်ယူဆပြီး၊ "လုပ်ကြည့်ပေ့ါသမီးရယ်" ဆိုကာ ဘာမှန်းမသိ အားပေးခဲ့သော အမေ။

"မိုးရေ . . .ကိုကြီးကို ရည်းစားစာလေး တစ်စောင်လောက် ရေးပေးစမ်းပါကွာ" "ဟေ့ . . . ကိုယ်က စာမူခပေးမှာနော်၊ အလကားပဲတင်း မဟုတ်ဘူး""မငယ်လည်း စာမူခပေးမှာနော်" "ဟုတ်တယ် . . .ဟုတ်တယ် . . .အေးပြောတာအဲ့သလိုမျိုး ဆန်ဆန်ပေ့ါ" စုလဲ မလေးရေးထား တဲ့ ဟာလေးဖတ်ပြီး အတန်းထဲမှာ လိုက်ကြွားတယ်" ဆိုပြီး အရူးဘုံမြှောက် အားပေးခဲ့ကြတဲ့ သွေးရင်းအစ်ကိုများ၊ အစ်မများ၊ နှမများ။ စာပေလောက ထဲတိုးဝင်ဖို့ ပထမခြေလှမ်း စဖြစ်အောင် တစ်တိုက်ဝင် တစ်တိုက်ထွက် လိုက်ပါပို့ ဆောင်ပေးခဲ့တဲ့ သူငယ်ချင်း မသင်းသင်းရွှေ၊ မောင်လေး ဝင်းဇော်ထွန်းနှင့် မိသားစု ဝင်များ။ လက်ဘက်ရည်ဆိုင်ကို တမေ့တမြော သွားတိုင်း ရုံးကိစ္စအဝဝကို ဒိုင်ခံဖြေရှင်းပေးသော သူငယ်ချင်း မဌေးဌေးကျော်၊ စာနာနားလည်ပေးသော ဌာနမှ တာဝန်ခံ အရာရှိ အစ်မ ဒေါ်ခင်ခင်ကြီးနှင့် ရုံးမှလုပ်ဖော် ကိုင်ဖက်သူငယ်ချင်းများ။

"ကြည်မွေ့အိမ်" ဆိုတဲ့ ကလောင်တစ်ချောင်းအတွက် ကူပြီး အားဖြည့်ပံ့ပိုးပေးခဲ့တဲ့ ကန့်လန့်ကာ နောက်ကွယ်ဆီက လူမသိ သူမသိ တွန်းအားများ၊ ခွန်အားများ၊ ကိုယ်လဲကိုယ်ထူ၊ ကိုယ်ထူကိုယ်ထ၊ ကိုယ်ထကိုယ်လျှောက်နှင့် လိုရာပန်းတိုင်ရောက်အောင် လျှောက်လှမ်းခဲ့ရတဲ့ ခက်မာကြမ်းရော်လှတဲ့ ခရီး။ ဒီခရီးကြမ်းကြမ်းကိုပဲ ကျွန်မတို့ မမောနိုင် မပန်းနိုင် ဆက်လျှောက် ခဲ့ကြသည်။ အခြားကလောင်တွေရဲ့ ရှင်သန်ရုန်းထမှုမှာ လွယ်ကူချောမွေ့ခဲ့သလား သေချာမသိ ပေမယ့် ကျွန်မအတွက်တော့ ဘဝမှာ လွယ်ကူစွာ ရလိုက်တဲ့ အမြတ်တနိုး အရာဆိုတာ ဘာမှမရှိ။ မုန့်ဟင်းခါးတစ်ပွဲ ဝယ်ပြီး ထမင်းကြမ်းခဲနဲ့ ရောနယ်ကာ ဝလင်ခဲ့ရတဲ့ ညနေပေါင်းများစွာ လောက်ကတော့ အခုနေအခါမှာ စာဖွဲ့စရာ မဟုတ်ရစ်ပြီ။ ကျွန်မတို့ ဒီလိုမျိုး

တူညီစွာ ဖက်တွယ်ရှုး နှမ်းခဲ့ကြလေ၏ ။

* *

## (၃)

ကျွန်မ စာရေးဆရာ ဖြစ်ချင်တယ်ဆိုတဲ့ ခံစားချက်က မွေးရာပါ အသဲနှလုံးထဲက တိုးထွက်လာတဲ့ စိတ်ခံစားမှု ဖြစ်လေသည်။ လူသိများ ထင်ရှားလိုခြင်း၊ ငွေကြေးအမြတ် အစွန်း မျှော်ကိုးခြင်း၊ လူတကာ၏ အထင်ကြီးလေးစားမှုကို ခံလိုခြင်းများ မရှိခဲ့ပါ။ ကျွန်မရေးချင်သော လူမှုဒုက္ခဝဝ၊ တွေ့ကြုံခံစားခဲ့ရသော ဝေဒနာ အစုစုတို့ကို ပြန်မရေးရ မနေနိုင်ခြင်းနှင့် စာမဖတ်လျှင် တစ်ခုခုကို ဆာလောင်နေသော ဆာလောင်မှုမှာ ပြေပျောက်မသွားနိုင်ခြင်းမျိုးက အရင်းခံကျသည် မို့ စာရေးဆရာဘဝကို ဖက်တွယ်ခံမင် ခဲ့ခြင်းလည်း ဖြစ်လေ၏ ။

ပြီးတော့ ဒီလိုတူညီသော ကာလရှည် သူငယ်ချင်း (၃)ဦးသားကတော့ ရည်းစားဦး ချစ်သူစုံတွဲ တွေထက်ပိုပြီး အချိန်မှန်မှန် တွေ့ဖြစ်ခဲ့ကြလေသည်။

ကိုယ်တို့ရဲ့ ချစ်ခြင်းမှာ . . .

ချိန်းပြီးမလာတာ သူငယ်ချင်း

ချို့ယွင်းချက်ရှိတာ သူငယ်ချင်း

ငြင်းရင်းခုန်ရင်း တဖြေးဖြေး နီးလာကြတာ သူငယ်ချင်း . . .

အဲ့သလိုမျိုး ကိုယ်ယုံကြည်ရာကို ရိုးဖြောင့်စွာ၊ ရှင်းလင်းစွာ ပုံဖော်ဖန်တီးခဲ့ကြရင်း တစ်နေ့မှာတော့ ဝေးကွာခဲ့တဲ့ တစ်စုံတစ်ရာဟာ အခုလိုမျိုး

ဆိုင်းမဆင့် ဗုံမပါ ရောက်လာခဲ့တာ ဖြစ်တယ်။

"ကြည်မွေ့ . . . ချို မရစဖူး ဖိတ်စာအရထူးတယ်ကွ . . ."

"ဟော့ . . . ရွှေအမြုတေစာပေဆုပေးပွဲဖိတ်စာ"

"ဟယ် . . . မင်းသေချာပြီ မချိုရ၊ အဲ့ဒါ "ကြာတောမှဖေဒါ"ပဲကွ၊ ကျိန်းသေပြီ"

အဲ့သလိုရင်ခုန်လှုပ်ရှားမှုမျိုးနှင့် အစ်မလို ရင်းနှီးသော၊ စိတ်ရော ကိုယ်ပါ မြှုပ်နှံကူညီ တတ်သော၊ အလွန်လည်း စိတ်မြန်လက်မြန် တတ်သော အစ်မနှင်းဝေငြိမ်းဆီ နှစ်ယောက်သား သုတ်ခြေတင်ကြ။ ဘီဒိုထဲက အသစ်ကျပ်ချွတ် မချုပ်ရသေးသော ဝတ်စုံတွေ တစ်ခုပြီး တစ်ခု ခပ်မြန်မြန် ထွက်ကျလာ။ "ဒါလေးကော . . .ဒါလေးက ပိုလှတယ်၊ ဒါလေးလည်း ကောင်းတာပဲကွ . . . ဘာဖြစ်လဲနော်၊ ဖိတ်စာရတယ်ဆိုတော့ စိတ်ကူးယဉ် ခွင့်ရှိတာပဲ၊ ဟော့ဒီမှာ ဖေဒါရောင် ချိုရဲ့ အဲ့ဒါဝတ်စမ်း . . . "

သူကလည်း မျှော်မောရင် ခုန်မှုတွေနဲ့ ခြေဖျား လက်ဖျား အေးစက်။

"ချို ဒီပွဲကို ကြည်မွေ့နဲ့ တက်လိုက်မယ်နော် ဖေဖေ"

"တက်ပါ တက်ပါ သမီးရယ်၊ ဖေဖေ ကျေကျေနပ်နပ် ကြီးကို သဘောတူပါတယ် . . .ကဲ"

မမြင်ကွယ်ရာကနေ ဝိုင်းပြီးရင်ခုန်ပေးရင်း ပြုံးကျန်ရစ်ခဲ့တဲ့ ဆရာသာခု မြေဘုန်းရှိန်။ ဖခင်တစ်ဦးရဲ့ ရင်ဘတ်။ ပြီးတော့ . . . .ဒီလိုအားကောင်းတဲ့ နားလည်မှုက စာရေးဆရာရဲ့ ရင်ဘတ်စစ်စစ်။

"ငါတို့လည်း တက်ချင်တာပေ့ါဟယ်" လို့ တစ်ခွန်းတစ်ပါဒ မဟပဲ သူငယ်ချင်း နှစ်ယောက် ဆင်တူလေး ဝတ်ရအောင် ဆိုပြီး အဝတ်ဝယ်ဆင်ပေးတဲ့ မချိုရဲ့ အစ်မတွေ။

“ကြည်မွေ့ရေ . . .အစ်မ စက္ကူထုပ်တွေနဲ့ ရုံးရှေ့ရောက်နေပြီ” လို့ဆိုပြီး စက္ကူထုပ်တနင့် တပိုးသယ်ပြီး ပြုံးပြုံး ကြီးရောက်လာတဲ့ အစ်မဖြူမွန်။

“ကဲ . . . ချို မင်း အခုတော့ ရခဲ့ပြီ။ ဒီငွေတွေ ဘာလုပ်မှာလဲ . . . ပြော” အစ်မ နှင်းဝေငြိမ်းက ရယ်ဟဟနှင့် မေးတော့ . . .

“ချို နဲ့ ကြည်မွေ့ အမြဲတမ်း စိတ်ကူးယဉ်ပြီး ပါးစပ်နဲ့ပဲ ထုတ်ဖြစ်နေခဲ့တဲ့ “နှစ်လွှာ” ဝတ္ထုတို ပေါင်းချုပ် စာအုပ်လေးထုတ်မယ် အစ်မ”

ကျွန်မဖျပ်ခနဲ သူ့ကိုလှည့်ကြည့်မိ။ အော် . . .ကျွန်မရဲ့ နှစ်ရှည်လများ သူငယ်ချင်း ဆိုတာ ဒီလိုခိုင်ကျည်တဲ့ သွေဖည်ယိုင်နဲ့ မသွားတဲ့ သစ္စာတရားမျိုးနဲ့ . . . ။ မျက်ရည်လည်လောက်အောင် ကြည်နူးခဲ့မိ။ “နှစ်လွှာ” ဟာ အမှန်တကယ် ပွင့်လန်းလာတော့ မှာပါလား။

* *

# (၄)

ဟိုး ယခင်ကာလများစွာ ကတည်းက တစ်ယောက်ပိုက်ဆံအိတ်ကို တစ်ယောက် စွေချောင်းချောင်းကြည့်ကြရင်း . . . အားဖျော့တိုးရိစွာ စိတ်ကူးယဉ်ခဲ့ ရခြင်းများ။“နှစ်လွှာ” ဟာ ညအိပ်ယာဝင် တေးတစ်ပုဒ်။ ကြာမြင့်ကြာလောင် ရင်ထဲကျခဲ့သည့် “ပိုး” က ယနေ့တော့ဖြင့် ရှင်သန်လွန့်လူးခဲ့ပြီ။

စာကောင်းကင်ထက်ဆီသို့ ထောင့်ကြိုထောင့်ကြားမကျန် ပုန်းကွယ်နေသော ငွေကြယ်ပွင့် တို့အား လင်းလက်တောက်ပခွင့် ပေးခဲ့သည့် များစွာသော ကလောင်သစ်တို့၏ ပဲ့ကိုင်ရှင် ဆရာ ဦးဝင်းငြိမ်း တို့လို၊

ဆရာထက်မြက်တို့လို၊ ဆရာမောင်ခိုင်လတ်တို့လို၊ ဆရာ မင်းချမ်းမွန်တို့လို၊ ဆရာ မျိုးမြင့်ငြိမ်း တို့လို ဝေဖန်ရေး စာရေးဆရာများ၊ စာမူသုံးသပ်ရေး စာရေးဆရာများကိုလည်း ဂုဏ်ယူ လေးမြတ်မိပါ၏ ။

“ဟယ် . . .ဒီကလေးတွေဟာလေ” ဆိုပြီး စာမူတပြပြဘဝက မတက်သော ကျွန်မတို့ရဲ့ စာမူတစ်ထပ်ကြီးကို ဆွဲယူသွား၊ စာအုပ်ချုပ် တာကအစ၊ စီစစ်ရေးအဆုံး စာတစ်အုပ်လုံး သူမပါဘဲ မရှိတဲ့ အစ်မနှင်းဝေငြိမ်းနှင့် မျက်နှာဖုံး ဒီဇိုင်းဖန်တီးပေးသော ဆရာကိုနေဝင်းအောင်။

မည်သို့ပင်ဖြစ်စေ . . .များစွာသော အထောက်အပံ့တို့ဖြင့် ဖြစ်တည်လာခဲ့သော၊ ဤ “နှစ်လွှာ” နှင့်ပတ်သက်သမျှ တိုးဖွသော လက်ခုပ်သံ၊ ကျယ်လောင်သော လက်ခုပ်သံ၊ တုန်ရီသော လက်ခုပ်သံ၊ အချိန်မမီသော လက်ခုပ်သံ၊ ချိုမြန်သော လက်ခုပ်သံ၊ ဂုဏ်ရှိန်ကြီးသော လက်ခုပ်သံ တို့အားဖြင့် “နှစ်လွှာ” သည် မရဲတရဲ တိုးထွက်လာ ခဲ့ပေပြီ။

ထိုအတူ . . . စိတ်ခံစားမှု၏ အရိုးခံအတိုင်း၊ ရေးဖွဲ့ဖြစ်သော ဝတ္ထုတိုများ၏ ချို့ယွင်းအားနည်းချက် တစ်စုံတစ်ရာနှင့် အဖုံးပန်းချီတို့၏ ချို့ယွင်း အားနည်းချက် တစ်စုံတစ်ရာသည် ကျွန်မ၏ ညံ့ဖျင်းမှုသာ ဖြစ်ပါသည်။

တစ်နည်းပြောရလျှင် “နှစ်လွှာ” ၏ ကောင်းခြင်း၊ ဆိုးခြင်း၊ ဘာမဆိုတိုင်းသည်ပင် ကျွန်မတို့၏ စစ်မှန်သော အနုပညာ ပြယုဂ် များလည်း ဖြစ်ချေ၏ ။

**လေးစားလျက် . . . .**

**“ကြည်မွေ့အိမ်”**

**၂၉-၆-၂၀၁၀**

* *